## "အနာဂတ်ကိုထုဆစ်ဖို့ စက်မှုပညာသင်ကြစို့"

လက်ရှိမြန်မာနိုင်ငံ၏စက်မှုကဏ္ဍလုပ်ငန်းများတွင်တရားဝင်မှတ်ပုံတင်ထားသောစက်မှုလုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ်ပေါင်းငါးသောင်းကျော်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းနှစ်သောင်းကျော်ခန့်ရှိရာ အဆိုပါစက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း တစ်နည်းအားဖြင့် လိုအပ်လျက်ရှိသော စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လှမ်းမှ အထောက်အပံ့ပေးနိုင်စေမည်ဖြစ်ပါသည်။ ထိုကဲ့သို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်တွင် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည့် ကျွမ်းကျင်လုပ်သားလုံလောက်စွာမရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနည်းပါးခြင်းတို့ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် စက်မှုသင်တန်းကျောင်းများအကြောင်းကို အများပြည်သူသိရှိနိုင်ပါရန် ဆက်လက်ဖော်ပြသွားပါမည်ဖြစ်ပါသည်။

### အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ စက်မှုနယ်မြေတွင်တည်ရှိသော အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)အား ကိုရီးယားသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် Korea International Cooperation Agency-KOICA အဖွဲ့အစည်းမှ စက်မှုဝန်ကြီးနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းကျောင်းတည်ဆောက်ရေးဆိုင်ရာ Record of Discussion (RoD) ကို၂၄.၃.၂၀၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး သင်တန်းကျောင်းကို၁၀.၇.၂၀၁၁ ရက်နေ့ တွင်လွှဲပြောင်းလက်ခံခဲ့ကာ အမှတ်စဉ်(၁)သင်တန်းကို၁၉.၈.၂၀၁၁ ရက်နေ့၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကိုရီးယားပညာရှင် (၄)ဦး က မြန်မာနိုင်ငံ၌ (၆)လမှ (၁)နှစ်အထိ နေထိုင်၍ လက်တွေ့သင်ကြားပြသခဲ့ပြီး မြန်မာနည်းပြ(၁၂)ဦး ကိုလည်း ကိုရီးယားနိုင်ငံသို့ခေါ်ယူ၍ Instructor Course (၃)လနှင့် မြန်မာဝန်ထမ်း(၁၅)ဦးကို Administrator Course ရက်သတ္တပတ်(၂)ပတ်ကြာသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ထို့အပြင် ပြင်ပမှ လက်တွေ့ကျွမ်းကျင်သူပညာရှင်များ ဖိတ်ခေါ်၍ ToT သင်တန်းများ၊ Curriculum ပြင်ဆင်မှုများ၊ လက်တွေ့လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းများလည်း ပြုလုပ်လျက်ရှိပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)မှ ဦးဆောင်၍ လာရောက်သင်ကြား လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်း(မကွေး)၏ သင်တန်းကာလမှာ(၁)နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ် (၁) မှ (၁၁) အထိ သင်တန်းဆင်းဦးရေမှာ စုစုပေါင်း (၁၆၄၆) ဦးရှိပြီး အလုပ်အကိုင်ရရှိမှု အနေဖြင့် (၁၄၉၁)ဦး၊ ၉၀.၆ % ဖြစ်ပါသည်။ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)မှ လက်ရှိသင်ကြားပေးလျက်ရှိသော သင်တန်းများမှာ-

(၁) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုသင်တန်း (Automobile Maintenance Course)

(က) အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းဘာသာ (Engine Maintenance Module)

( ခ) မော်တော်ယာဉ်လျှပ်စစ်နှင့် အီလက်ထရောနစ်ဘာသာ (Automobile Electricity & Electronic Module)

( ဂ) Transmission နှင့် Chassis ပြုပြင်ထိန်းသိမ်းခြင်းဘာသာ (Transmission & Chassis Module)

(ဃ) မော်တော်ယာဉ်ကိုယ်ထည်ပြုပြင်ခြင်းနှင့်ဆေးမှုတ်ခြင်းဘာသာ (Body Repair & Painting Module)

(၂) ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်း (CAD/ CAM Course)ဖြစ်သည်

**အမှတ်(၆)စက်မှုသင်တန်းကျောင်း (မြင်းခြံ)**

အမှတ်(၆)စက်မှုသင်တန်းကျောင်း(မြင်းခြံ)သည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြင်းခြံ-နဘူးအိုင်လမ်း၊ ကုက္ကဲကျေးရွာအနီးတွင် တည်ရှိပါသည်။ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ကို HMT (International Co., Ltd) အဖွဲ့အစည်းက စက်မှုဝန်ကြီးနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ နားလည်မှုစာချွန်လွှာ(MOU)အား ၂၁.၆.၂၀၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၅.၁၀.၂၀၁၃ ရက်နေ့တွင် သင်တန်းကျောင်းအား လွှဲပြောင်းလက်ခံရယူခဲ့ပါသည်။ မြန်မာနည်းပြ (၁၇)ဦးအား အိန္ဒိယသမ္မတနိုင်ငံသို့ခေါ်ယူ၍ (၆)လသင်တန်း၊ စီမံခန့်ခွဲရေးဆိုင်ရာအရာထမ်း(၄)ဦးအား (၃)လသင်တန်းတို့ကို သင်ကြားပေးခဲ့ပါသည်။ အမှတ်(၆)စက်မှုသင်တန်းကျောင်း(မြင်းခြံ)၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ် (၁)မှ (၈) အထိ သင်တန်းဆင်းဦးရေမှာ (၁၂၁၅) ဦးရှိပြီး အလုပ်အကိုင်ရရှိမှုမှာ (၁၀၈၃) ဦး၊ ၈၉.၁% ဖြစ်ပါသည်။ ဤသင်တန်းကျောင်းမှ ပို့ချလျက်ရှိသောသင်တန်းများမှာ-

(၁) တွင်ခုံ/ကြိတ်ခုံများကိုင်တွယ် မောင်းနှင်မှုသင်တန်း (Machine Tool Operator Course)

(၂) မိုနှင့်ဒိုင်ပြုလုပ်မှုသင်တန်း (Tool & Die Maker Course)

(၃) ကွန်ပျူတာသုံးစက်ခုတ်စားမှုစက်ကိရိယာများကိုင်တွယ်မောင်းနှင်မှုသင်တန်း (CNC Machinist Course)

(၄) စက်ရုံလျှပ်စစ်ပညာသည်သင်တန်း (Industrial Electrician Course)

(၅) အီလက်ထရောနစ်စက်ပြင်သင်တန်း (Electronic Mechanic Course)

(၆) သံထည်နှင့် ဂဟေဆက်သင်တန်း (Welder Course)

(၇) သံရည်ကျိုသင်တန်း (Foundry Course) တို့ဖြစ်ပါသည်။

အိန္ဒိယသမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမှတ် (၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ)၏ ငါးနှစ်ဘက်စုံပြုပြင်ထိန်းသိမ်းရေးစီမံချက် (Five Years Comprehensive Maintenance Plan) ကို အိန္ဒိယသမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်

ရေးအတွက် Exchange Letter ကို ၁၀.၅.၂၀၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုး လဲလှယ်ခဲ့ပြီးဖြစ်ပါသည်။ စီမံကိန်းကာလ မှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဖြစ်ပြီး သင်တန်းကျောင်းအတွက် လိုအပ်သော စက်အပိုပစ္စည်းများထောက်ပံ့ခြင်း၊ အိန္ဒိယပညာရှင်များစေလွှတ်ခြင်းနှင့် မြန်မာနည်းပြများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စက်မှုသင်တန်းကျောင်း(၆)ကျောင်းအနက် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ထောင်ဖွင့်လှစ်ခဲ့သည့် အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကို Knowledge Hub ဖြစ်စေရန်နှင့် (၁)နှစ်သင်တန်းမှ (၂)နှစ်သင်တန်းထိတိုးမြှင့်ဖွင့်လှစ်၍ စံပြသင်တန်းကျောင်း (Center of Excellence-CoE) ဖြစ်စေရန်အတွက် ဂျာမနီနိုင်ငံ၊ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (German Development Cooperation Agency – GIZ) ၏အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိရာ Quality Management System အတွက်ချီးမြှင့်သည့် ISO 9001: 2015 Certificate ကို၃၀.၁.၂၀၁၉ ရက်နေ့တွင် ရရှိခဲ့ပါသည်။ ရှေ့ဆက်၍ Skill Level 4 အထိ အဆင့်မြင့်ကျွမ်းကျင်သင်တန်းများဖွင့်လှစ်ရန် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊ ခေတ်နှင့်လျော်ညီသောဘာသာရပ်များ ပြန်လည်ပြုစုခြင်း၊ နည်းပြအဆင့်မြင့်သင်တန်းပေးခြင်း၊ ကျွမ်းကျင်နည်းပြများဖြည့်ဆည်းခြင်း၊ အဆင့်မြင့်သင်ထောက်ကူစက်ပစ္စည်းများရရှိရေး၊ သင်ထောက်ကူပစ္စည်းများအတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိရေးနှင့် သင်ကြားရေးတွင် Solar Photovoltaic (PV) System ထည့်သွင်းသင်ကြားနိုင်ရန်အတွက် KfW မှထောက်ပံ့ခဲ့ပါသည်။

**အမှတ်(၇)စက်မှုသင်တန်းကျောင်း (မုံရွာ)**

မူလသင်တန်းကျောင်း(၆)ကျောင်းအပြင် တိုင်းပြည်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးနှင့် ကဏ္ဍအလိုက် သင့်တော်သည့်လုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် ဒေသ၏လိုအပ်ချက်အရ စက်မှုသင်တန်းကျောင်းအသစ်(၂)ကျောင်းကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားလူငယ်လူရွယ်များထဲမှ စက်မှုကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရန်အတွက် အမှတ်(၇)စက်မှုသင်တန်းကျောင်း(မုံရွာ) ကို စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ၊ HMT (International) Ltd. တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)၌ဖွင့်လှစ်၍ စက်မှုသင်တန်းကျောင်း(မုံရွာ)တွင် တာဝန်ထမ်းဆောင်မည့် နည်းပြ(၂၅)ဦးအား ၂၀၁၉ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ (၄)လ သင်တန်းစေလွှတ်ခဲ့ပါသည်။ မုံရွာစက်မှုသင်တန်းကျောင်းတွင် CNC Technology, CAD, Mechatronics, Apparel Manufacturing, Pattern Maker, Refrigeration & Air Conditioning, Machinist-Turner/ Miller/ Grinder, Tools & Die Making, Automobile Mechanic (Basic & Advanced), Electrician (Industrial & Domestic), Welding

နှင့် Information Technology စသည့် စက်မှုဘာသာရပ်(၁၀)မျိုးကို တစ်နှစ်လျှင် သင်တန်းသား စုစုပေါင်း (၂၄၀) ဦးအား လေ့ကျင့်သင်ကြားသွားမည်ဖြစ်ပါသည်။

**အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ)**

ထို့အတူ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဘက်မှ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ခြင်း မရှိတော့သော ဒေသခံလူငယ်လူရွယ်များအတွက် ရည်ရွယ်၍ အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ) ကို စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ၊ HMT (International) Ltd. တို့ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သင်တန်းနည်းပြ(၂၀)ဦးအား အိန္ဒိယနိုင်ငံသို့စေလွှတ်၍ (၅)လသင်တန်းများ တက်ရောက်သင်ကြားစေခဲ့ပါသည်။ သထုံစက်မှုသင်တန်းကျောင်းမှ ကာလတို(၃)လသန်တန်းကို ၅.၉.၂၀၂၃ ရက်နေ့မှ ၁၅.၁၂.၂၀၂၃ ရက်နေ့အထိ ကျား(၃၃)ဦး၊ မ(၁၇)ဦးဖြင့် စုစုပေါင်း(၅၀)ဦးကို သင်ကြားပေးခဲ့ပါသည်။ သထုံစက်မှုသင်တန်းကျောင်းတွင် Rubber Technology ၊ Basic CNC Technology ၊ Basic Machinist–Turner/ Miller/ Grinder ၊ Basic Electrician (Industrial & Domestic) ၊ Basic Welding နှင့် Information Technology စသည့် စက်မှုဘာသာရပ်(၆)မျိုးဖြင့် တစ်နှစ်လျှင် သင်တန်းသား(၁၄၄)ဦးအား လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

**သင်တန်းကျောင်းများအစဉ်တိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်ပေး**

မိမိတို့၏သင်တန်းကျောင်းများ အစဉ်တိုးတက်နေစေရန်အတွက်လည်း သင်တန်းကျောင်းတွင် အချက်အလက်များ ရှာဖွေပြုစုနိုင်ရန်အတွက် Internet Facility ရရှိရန် ဆောင်ရွက်ပေးထားခြင်း၊ သင်တန်းကျောင်းများအလိုက် Library များထားရှိ၍ ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ဖြည့်ဆည်းပေး၍ ရည်ညွှန်းကိုးကားနိုင်ရန်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်သောနိုင်ငံများ၏ နောက်ဆက်တွဲပံ့ပိုးမှုများ (Post Assistances) ရရှိစေရန်ဆောင်ရွက်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သော Development Partner နိုင်ငံများနှင့် Long–term Maintence Contract များဆောင်ရွက်ထားရှိခြင်း၊ ဘာသာရပ်ဆိုင်ရာ စာတွေ့/ လက်တွေ့နည်းပြများအား အရည်အသွေးတိုးတက်စေရန် ပြည်ပနိုင်ငံများသို့စေလွှတ်၍ Training of Trainers(TOT) အစီအစဉ်များသို့ တာဝန်ရှိသူများမှ သင်တန်းကျောင်းများသို့ တစ်လတစ်ကြိမ် သွားရောက်စစ်ဆေးကြပ်မတ်ခြင်း၊ သင်တန်းဆင်းများ၊ နည်းပြများအားဆန်းစစ်အကဲဖြတ်ခြင်း (Evaluation) ကိုနှစ်စဉ်ပြုလုပ်ပြီး စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**သင်တန်းကျောင်းဝင်ခွင့်ဆိုင်ရာသတ်မှတ်ချက်များ**

အဆိုပါ စက်မှုသင်တန်းကျောင်းများသို့ တက်ရောက်လိုသူများသည် အသက်(၁၇)နှစ် နှင့် (၂၅) နှစ်ကြား တက္ကသိုလ်ဝင်တန်း (ဒသမတန်း) သင်ယူ/ဖြေဆိုဖူးသူ သို့မဟုတ် စနစ်သစ်ပညာရေး၏ Grade (12) သင်ယူဖူးသူဖြစ်ရပါမည်။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသော ပြည်ထောင်စုမြန်မာနိုင်ငံ

သား လူပျို၊ အပျိုဖြစ်သူ၊ သင်တန်းစည်းကမ်းများနှင့် အခါအားလျော်စွာထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ သင်တန်းပြီးဆုံးအောင် တက်နိုင်သူလည်းဖြစ်ရပါမည်။ နိုင်ငံပိုင်သတင်းစာ၊ ဝန်ကြီးဌာန Website/ Webpage နှင့် စက်မှုဇုန်တို့တွင် သင်တန်းခေါ်ယူခြင်းဆိုင်ရာ အခြေအနေများကို ကြေညာပြီး ဆောင်ရွက်လျက်ရှိပါသည်။ သင်ကြားမှုမှာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြစ်ကာ စာသင်ချိန်မှာ ပထမနှစ်ဝက်တွင် နာရီပေါင်း (၈၀၀)ရှိပြီး ယင်းစာမေးပွဲအောင်မြင်မှသာလျှင် ဒုတိယနှစ်ဝက်သင်တန်းစာသင်ချိန် နာရီပေါင်း(၈၀၀)ကို ဆက်လက်တက်ရောက်ခွင့်ရှိသဖြင့် စာသင်ချိန်မှာ နာရီပေါင်း(၁၆၀၀)ခန့်ရှိပါသည်။ ပထမနှစ်ဝက် စာမေး ပွဲပြီးပါ က ခွင့်(၁၀)ရက် ခံစားခွင့်ပြုပါသည်။ သင်တန်းကာလ၏ ၉၀ ရာခိုင်နှုန်း တက်ရောက်ပြီး စာတွေ့ လက်တွေ့စာမေးပွဲများ အောင်မြင်မှသာလျှင် သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးပါသည်။ သင်တန်း ဆင်းအောင်လက်မှတ်ရရှိသူများအား စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်အကိုင် ခန့်အပ်ပေး၍သော်လည်းကောင်း၊ အခြားဝန်ကြီးဌာနများနှင့် ဆက်သွယ်၍သော်လည်းကောင်း၊ စက်မှုဇုန်များနှင့် ချိတ်ဆက်၍သော်လည်းကောင်း၊ အလုပ်အကိုင်ပြပွဲ (Job Fair) များတွင်ဝင်ရောက်၍ စက်မှုသင်တန်း ကျောင်းဆင်းများ၏ အချက်အလက်များအားပြသပြီး ကုမ္ပဏီများနှင့်ချိတ်ဆက်၍သော်လည်းကောင်း၊ အလုပ်အကိုင်များ ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှ မျိုးဆက်သစ်လူငယ်များသည် မိမိတို့အနာဂတ်ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် သေချာခိုင်မာထောက်ကူမှုပေးနိုင်သော နီးစပ်ရာ စက်မှုသင်တန်းကျောင်းများသို့ မိမိဝါသနာပါရာ ဘာသာရပ်များကို ရွေးချယ်ပြီး ဆက်သွယ်တက်ရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ အပိုင်း(၃)တွင် ဆက်လက်တင်ပြပါမည်။

ကိုးကား – စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန

– စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန

**ဒေါက်တာလပြည့်ခင် (ကလောင်အမည်)**

ဒေါက်တာခင်ပပစိုး

ဒုတိယညွှန်ကြားရေးမှူး

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန

၀၉-၇၉၈၂၁၅၀၇၃/၀၉-၆၇၉၂၉၂၉၀၂

dr.kpapasoe@gmail.com

# စက်မှုသင်တန်းကျောင်းများအလိုက် သင်ကြားပေးနိုင်သောဘာသာရပ်များ

| စဉ် | ဘာသာရပ် | ITC (1) ဆင်တဲ (၁၉၉၇) ဂျာမနီ | ITC (2) မန္တလေး (၂၀၀၈) တရုတ် | ITC (3) သာဂရ (၂၀၀၉) ကိုရီးယား | ITC (4) ပခုက္ကူ (၂၀၁၀) အိန္ဒိယ | ITC (5) မကွေး (၂၀၁၁) ကိုရီးယား | ITC (6) မြင်းခြံ (၂၀၁၇) အိန္ဒိယ | ITC (7) မုံရွာ (၂၀၂၃) အိန္ဒိယ | ITC (8) သထုံ (၂၀၂၃) အိန္ဒိယ |
|---|---|---|---|---|---|---|---|---|---|
| ၁ | Machine Tools Operator | ✓ | ✓ | ✓ | ✓ | | ✓ | ✓ | ✓ |
| ၂ | Machinery Fitter | ✓ | | | | | | | |
| ၃ | Tools and Die Maker | ✓ | | | | | ✓ | ✓ | |
| ၄ | Automobile Mechanic | ✓ | | | ✓ | ✓ | | ✓ | |
| ၅ | Electrician | ✓ | ✓ | ✓ | ✓ | | ✓ | ✓ | ✓ |
| ၆ | Pattern Maker | ✓ | | | | | | ✓ | |
| ၇ | Mechnical Graughtsman | ✓ | | | | ✓ | | | |
| ၈ | CAD/ CAM | | | ✓ | ✓ | | | | |
| ၉ | Welder | | ✓ | | ✓ | | | ✓ | ✓ |
| ၁၀ | Electronics Technology | | | ✓ | ✓ | | | | |
| ၁၁ | CNC Operator | | ✓ | ✓ | | | | ✓ | ✓ |
| ၁၂ | Foundry Man | | | | | | | | |
| ၁၃ | Information Technology | ✓ | | | | | | ✓ | ✓ |
| ၁၄ | Refrigeration & Air Conditioning Trade | | | | | | | ✓ | |
| ၁၅ | Apparel Manufacturing | | | | | | | ✓ | |
| ၁၆ | Rubber Technology | | | | | | | | ✓ |
| | Total | ၈ | ၄ | ၅ | ၆ | ၂ | ၇ | ၁၀ | ၆ |